## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းသို့ လာရောက်ရာတွင် ဆောင်ရွက်ရမည့်အချက်များ

| စဉ် | သတ်မှတ်ချက် | မှတ်ချက် |
|---|---|---|
| ၁။ | - ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းသို့ အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ လာရောက်မည့်သူများ လိုက်နာရမည့် အချက်များ-<br>(က) ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်များမှအစိုးရအဖွဲ့ဝင်များ၊ နိုင်ငံခြားသံရုံးမှ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များအနေဖြင့် ပြည်ထောင်စုနယ်မြေနေပြည်တော် အတွင်းသို့ လာရောက်ပါက (၂၄)နာရီမှ (၄၈) နာရီအတွင်း COVID-19 ဆေးစစ်ချက်အဖြေ(Quarantine Certificate) အား ပြသနိုင်ပါက မိမိနေအိမ်တွင် Home Quarantine (၃) ရက် (သို့မဟုတ်) (၇) ရက်နေထိုင်ရန်။<br>(ခ) Stay at Home အစီအစဉ်တွင် ပါဝင်သည့် မြို့နယ်များမှ လာရောက်သူများအနေဖြင့် အစိုးရဝန်ထမ်းနှင့် အစိုးရဝန်ထမ်းမဟုတ်သူ (အရပ်သား) များအနေဖြင့် (၂၄) နာရီအတွင်း COVID-19 ဆေးစစ်ချက်အဖြေ(Quarantine Certificate) အား ပြသနိုင်ပါက Home Quarantine (သို့မဟုတ်) စည်ပင်ဧည့်ရိပ်သာတွင် (၃) ရက်နေထိုင်ရန်။<br>(ဂ) Stay at Home အစီအစဉ်တွင် ပါဝင်သည့် မြို့နယ်များမှ လာရောက်သူများအနေဖြင့် အစိုးရဝန်ထမ်းများအနေဖြင့် COVID-19 ဆေးစစ်ချက်အဖြေ(Quarantine Certificate) အား မပြသနိုင်ပါက Hotel Quarantine (သို့မဟုတ်) ရွာတော် Quarantine တွင် (၇) ရက်နေထိုင်ရန်နှင့် အစိုးရဝန်ထမ်းမဟုတ်သူ (အရပ်သား) များအနေဖြင့် COVID-19 ဆေးစစ်ချက်အဖြေ(Quarantine Certificate) အား မပြသနိုင်ပါက Hotel Quarantine (သို့မဟုတ်) ရွာတော် Quarantine တွင် (၁၄) ရက်နေထိုင်ရန်။<br>(ဃ) Stay at Home အစီအစဉ်တွင် မပါဝင်သည့် မြို့နယ်များမှ လာရောက်သူများအနေဖြင့် Hotel Quarantine (သို့မဟုတ်) စည်ပင် Quarantine တွင် (၃) ရက်နေထိုင်ရန်။<br>(င) Swab Positive အဖြေရရှိထားပြီး ကုသမှုမှတ်တမ်းပြသနိုင်သူများအနေဖြင့် မိမိနေအိမ်တွင် Home Quarantine (၇) ရက် နေထိုင်ရန်။ | |

D/1.4.19/General File/office Ih CBFQ 18 1 2021

## ရခိုင်ပြည်နယ်အတွင်းသို့ လာရောက်ရာတွင် ဆောင်ရွက်ရမည့်အချက်များ

| စဉ် | သတ်မှတ်ချက် | မှတ်ချက် |
|---|---|---|
| ၁။ | (က) **ရခိုင်ပြည်နယ်အတွင်းသို့ လေကြောင်းဖြင့် လာရောက်ရာတွင် ဆောင်ရွက်ရမည့်အချက်များ-**<br>(၁) လေကြောင်းခရီးဖြင့် လာရောက်ပါက ခရီးသည်တွင် (၃၆) နာရီအတွင်း ဆေးစစ်ဆေးချက်ပါရှိမည်ဖြစ်၍ Quarantine ဝင်စရာမလိုအပ်ပါ။<br>(၂) ကုန်းလမ်းခရီးတွင် ယခုအချိန်ထိ ကုန်တင်ကားများသာ သွားလာခွင့်ပြုထားပါသည်။<br>(၃) အကြောင်းအမျိုးမျိုးကြောင့် ကားဖြင့်အထက်ပါမြို့များသို့ လာရောက်ပါက (၃၆) နာရီ ခွင့်ပြုသည့် ဆေးစစ်ဆေးချက်ပါ ရှိလျှင် Quarantine ဝင်စရာမလိုအပ်ပါ။ Stay at Home သတ်မှတ်ထားသည့် နေရာများမှလာရောက်ပါက Quarantine (၇) ရက် ဝင်ရောက်ပြီး ဆေး (၂) ကြိမ် စစ်ဆေးမှုခံယူရပါမည်။ Stay at Home မသတ်မှတ်သည့် နေရာများမှ လာရောက်ပါက Quarantine ဝင်စရာမလိုအပ်ပါ။ | |

## ရှမ်းပြည်နယ်အတွင်းသို့ လာရောက်ရာတွင် ဆောင်ရွက်ရမည့်အချက်များ

| စဉ် | သတ်မှတ်ချက် | မှတ်ချက် |
|---|---|---|
| ၁။ | (က) **ရှမ်းပြည်နယ်အတွင်းသို့ လာရောက်ရာတွင် ဝန်ထမ်းများ လိုက်နာရမည့် အချက်များ-**<br>(၁) နေပြည်တော်ကောင်စီ၊ အခြားတိုင်းဒေသကြီး/ ပြည်နယ်များမှ ရှမ်းပြည်နယ်အတွင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်မည့် နိုင်ငံ့ဝန်ထမ်း အရာထမ်း၊ အမှုထမ်း၊ တပ်ဖွဲ့ဝင်များတွင် COVID-19 ရောဂါပိုးမရှိကြောင်း Negative ထောက်ခံချက်ပါရှိသည်ဖြစ်စေ၊ မပါရှိသည်ဖြစ်စေ ၎င်းတို့တာဝန်ကျသည့်ဒေသသို့ ရောက်ရှိသည်နှင့်တစ်ပြိုင်နက် Quarantine (၁၄) ရက် ဝင်ရောက်စေ၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ COVID-19 ရောဂါပိုးရှိ/ မရှိ စစ်ဆေးဆောင်ရွက်ပြီး၊ ရောဂါပိုးမရှိကြောင်း Negative အဖြေရရှိမှသာ တာဝန်ထမ်းဆောင်ရန်။<br>(ခ) **ရှမ်းပြည်နယ်အတွင်းသို့ လေကြောင်းဖြင့် လာရောက်ရာတွင် ဆောင်ရွက်ရမည့်အချက်များ-**<br>(၁) "ပြည်တွင်းလေကြောင်းခရီးစဉ်ဖြင့်လိုက်ပါသူများ" လေဆိပ်သို့ရောက်ရှိပါက မြန်မာ့အမျိုးသားလေကြောင်းနှင့် လေကြောင်းရဲတပ်ဖွဲ့စုမှ တာဝန်ရှိသူများက မူလနေထိုင်သည့် မြို့နယ်မှ လာရောက်ကြောင်း အထောက်အထားတောင်းခံ စိစစ်၍ Hotel Quarantine (သို့မဟုတ်) Facility Quarantine ဝင်ရမည့်သူများနှင့် Quarantine ဝင်ရန် မလိုအပ်သူများကို ခွဲခြားသတ်မှတ်ပေးရမည်။<br>(၂) Quarantine ဝင်ရန် လိုအပ်သည့်သူများသည် မိမိတို့ဝင်ရောက်လိုသည့် Quarantine အမျိုးအစားကို ခွဲခြား၍ Hotel/ Facility Quarantine ဝင်ရောက်ရာ၌ ရှမ်းပြည်နယ်၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ စီစဉ်ပေးသည့် ယာဉ်ဖြင့်သာ သွားရောက်ရမည်၊ (အငှားယာဉ်/ ကိုယ်ပိုင်ယာဉ်/ ဌာနပိုင်ယာဉ်များဖြင့်သွားရောက်ခြင်းအား လုံးဝ (လုံးဝ) ခွင့်မပြုပါ။)<br>(၃) Hotel Quarantine ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သတ်မှတ်ထားသော တောင်ကြီး၊ ကလော၊ အောင်ပန်း၊ ဟဲဟိုး၊ ညောင်ရွှေမြို့များရှိ Hotel Quarantine များတွင် မိမိစရိတ်ဖြင့် ဝင်ရောက်ရမည်ဖြစ်ပြီး၊ Facility Quarantine ကို ဟဲဟိုးမြို့အခြေခံ ပညာအလယ်တန်းကျောင်း (ဝါးရုံပင်) ၌ (၁) ရက်လျှင် ငွေကျပ် (၄၀၀၀/-) ကျပ်နှုန်း ပေးချေ၍ မိမိစရိတ်ဖြင့် ဝင်ရောက်ရမည်။<br>(၄) Hotel/ Facility Quarantine သို့ ရောက်ရှိသည့်အခါ ခရီးသည်များအား နှာခေါင်း၊ အာခေါင်တို့ဖတ် နမူနာရယူစစ်ဆေးရန်အတွက် PCR (သို့မဟုတ်) Rapid Antigen Diagnostic Test (RAT) Kit နှစ်မျိုးတွင် မိမိကြိုက်နှစ်သက်ရာ စနစ်ဖြင့် စစ်ဆေးနိုင်ကြောင်းကို Hotel/ Facility Quarantine တာဝန်ခံမှ စိစစ်ဖြည့်စွက်၍ ပြည်နယ်ကျန်းမာရေးဦးစီးဌာနသို့ ပေးပို့ရမည်။<br>(၅) PCR စက်ဖြင့် နှာခေါင်း၊ အာခေါင်တို့ဖတ် စစ်ဆေးမည့်သူများကို (၃) ရက်မြောက်နေ့တွင် စစ်ဆေး၍ (၅) ရက်မြောက်နေ့တွင် စစ်ဆေးချက်အဖြေသိရှိရမည်ဖြစ်ပြီး၊ စစ်ဆေးခ (၃၅၀၀၀/-) ကျပ်အား မိမိစရိတ်ဖြင့် ကျခံပေးချေရမည်။<br>(၆) Rapid Antigen Diagnostic Test (RAT) Kit ဖြင့် နှာခေါင်း၊ အာခေါင်တို့ဖတ် စစ်ဆေးမည့်သူများကို (၇) ရက်မြောက်နေ့တွင် စစ်ဆေး၍ နေ့ချင်း စစ်ဆေးချက်အဖြေသိရှိရမည်ဖြစ်ပြီး၊ စစ်ဆေးခ (၁၅၀၀၀/-) ကျပ်အား မိမိစရိတ်ဖြင့် ကျခံပေးချေရမည်။ | |

**မကွေးတိုင်းဒေသကြီးအတွင်းသို့ လာရောက်ရာတွင် ဆောင်ရွက်ရမည့်အချက်များ**

| စဉ် | သတ်မှတ်ချက် | မှတ်ချက် |
|---|---|---|
| ၁။ | - မကွေးတိုင်းဒေသကြီးအတွင်းသို့ အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ ပြည်တွင်းလေကြောင်းခရီးစဉ်ဖြင့် လာရောက်မည့်သူများ လိုက်နာရမည့် အချက်များ-<br>(က) Stay at Home ဒေသမှဖြစ်စေ (သို့မဟုတ်) Non Stay at Home ဒေသဖြစ်စေ လိုက်ပါစီးနင်းမည့်ခရီးသည်များ အနေဖြင့် ခရီးစဉ်စတင်မထွက်ခွာမီ (၃၆) နာရီအတွင်း Rapid Antigen Diagnostic Test(RDT) Kit ဖြင့် စစ်ဆေးထားသည့် COVID-19 ရောဂါပိုးမရှိကြောင်း ဓာတ်ခွဲစမ်းသပ်ချက်ကို check in ဝင်သည့်အချိန်၌ ခရီးသည်မှ တင်ပြရမည်။ (လေယာဉ်ထွက်ခွာချိန်တွင် ဓာတ်ခွဲစစ်ဆေးမှုအဖြေသည် (၃၆) နာရီထက် ကျော်လွန်ပြီးဖြစ်ပါကလက်ခံမည် မဟုတ်ပါ။)<br>(ခ) Stay at Home ဒေသမှလာသော ခရီးသည်များအနေဖြင့် Non Stay at Home ဒေသသို့ ရောက်ရှိပါက Facility Quarantine (သို့မဟုတ်) Hotel Quarantine ဝင်ရမည်။ ရောက်ရှိသည့်နေ့၌ Facility Quarantine မလုံလောက်ပါက Hotel Quarantine ကို ခရီးသည်၏ စရိတ်ဖြင့် ဝင်ရောက်ရမည်။ Quarantine ဝင်ရောက်ပြီး (၃) ရက်မြောက်နေ့တွင် RT-PCR Test ကို ခရီးသည်၏ စရိတ်ဖြင့် စစ်ဆေး၍ ရောဂါပိုးမတွေ့ရှိပါက Quarantine မှ ထွက်နိုင်မည်။ RT-PCR Test ဖြင့် စစ်ဆေးနိုင်ခြင်းမရှိဘဲ Rapid Antigen Diagnostic Test(RDT) Kit ဖြင့် စစ်ဆေးပါက (၇) ရက်မြောက်နေ့၌ စစ်ဆေးပြီး Negative အဖြေရရှိမှသာ Quarantine မှ ထွက်နိုင်မည်။ စစ်ဆေးစရိတ်များကို ခရီးသည်၏ စရိတ်ဖြင့် ပေးချေရမည်။<br>(ဂ) Stay at Home ဒေသမှလာသော ခရီးသည်များအနေဖြင့် အခြား Stay at Home ဒေသသို့သွားပါက ခရီးစဉ် စတင်မထွက်ခွာမီ (၃၆) နာရီအတွင်း Rapid Antigen Diagnostic Test(RDT) Kit ဖြင့် စစ်ဆေးထားပြီးဖြစ်သဖြင့် Quarantine ဝင်ရန်မလို။ | |



| | | |
|---|---|---|
| | (ဃ) Non Stay at Home ဒေသမှ လာသော ခရီးသည်များအနေဖြင့် မည်သည့်ဒေသသို့ သွားစေကာမူ ခရီးစဉ် စတင်မထွက်ခွာမီ Rapid Antigen Diagnostic Test(RDT) Kit ဖြင့် စစ်ဆေးထားပြီးဖြစ်သဖြင့် Quarantine ဝင်ရန်မလို။<br>(င) သက်ဆိုင်ရာမြို့သို့ လေယာဉ်ဆိုက်ရောက်ပါက ဒေသအာဏာပိုင်များ၏ ကျန်းမာရေးစစ်ဆေးမှုများနှင့် လိုအပ်သော အသွားအလာကန့်သတ်ခြင်းလုပ်ငန်းစဉ်များအား မဖြစ်မနေလိုက်နာဆောင်ရွက်ရမည်။<br>(စ) ခရီးသည်အနေဖြင့် အစိုးရဆေးရုံသို့ အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူရန် သွားရောက်ခြင်းဖြစ်ပါက Check In ဝင်ချိန်တွင် လေကြောင်းလိုင်းတာဝန်ရှိသူထံ သက်ဆိုင်ရာဆေးရုံအုပ်ကြီးမှ လက်မှတ်ရေးထိုးထားသည့် ကျန်းမာရေးဆိုင်ရာလွှဲပြောင်းခြင်းမှတ်တမ်း Medical Referal Form အား ပြသနိုင်ရမည်။ | |

## ဧရာဝတီတိုင်းဒေသကြီးအတွင်းသို့ လာရောက်ရာတွင် ဆောင်ရွက်ရမည့်အချက်များ

| စဉ် | သတ်မှတ်ချက် | မှတ်ချက် |
|---|---|---|
| ၁။ | – ဧရာဝတီတိုင်းဒေသကြီးအတွင်းသို့ အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ လာရောက်မည့်သူများ လိုက်နာရမည့်အချက်များ–<br>(က) ပြည်ပနိုင်ငံများ မှ ပြန်လည်ရောက်ရှိလာသူများ ၊ Stay Home သတ်မှတ်ထားသော မြို့နယ်များမှ ပြန်လည်ရောက်ရှိလာသူများနှင့် ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ဆက်စပ်ခဲ့သူများ အနေဖြင့် လိုက်နာရမည့်အချက်များ<br>(၁) ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများအနေဖြင့် ပြန်လည်ရောက်ရှိပြီး အသွားအလာကန့်သတ်ထားရှိမှု စတင်သည့် ရက်မှ (၃) ရက်မြောက်နေ့တွင် ပထမအကြိမ် ဓာတ်ခွဲနမူနာ ရယူ၍ COVID–19 Antigen Test (Rapid Test Kit) ဖြင့်စစ်ဆေးရန်။<br>(၂) ပထမအကြိမ် ဓာတ်ခွဲနမူနာတွင် COVID–19 Test Kit ဖြင့် စစ်ဆေးရန်။<br>(၃) ဒုတိယအကြိမ် အသွားအလာကန့်သတ်ထားရှိမှု စတင်သည့်ရက်မှ စတင်၍ (၁၁) ရက်မြောက်နေ့တွင် ဓာတ်ခွဲနမူနာ ရယူ၍ RT–PCR ဖြင့် ဓာတ်ခွဲစစ်ဆေးရန်။<br>(၄) ဒုတိယအကြိမ် ဓာတ်ခွဲနမူနာတွင် COVID–19 ရောဂါပိုးမတွေ့ရှိပါက အသွားအလာကန့်သတ်ထားရှိမှု စတင်သည့် ရက်မှ စတင်၍ (၁၄) ရက်ပြည့်သည်အထိ သတ်မှတ်ထားသည့်နေရာများတွင် အသွားအလာကန့်သတ်ထားရှိရန်။<br>(၅) ဒုတိယအကြိမ် ဓာတ်ခွဲနမူနာတွင် COVID–19 ရောဂါပိုးတွေ့ရှိပါက သတ်မှတ်ထားသော ဆေးရုံ (သို့မဟုတ်) COVID–19 ရောဂါကုသရေးဌာနများသို့ လွှဲပြောင်းကုသရန်။<br>(၆) တတိယအကြိမ် ဓာတ်ခွဲနမူနာတွင် COVID–19 ရောဂါပိုးတွေ့ရှိပါက သတ်မှတ်ထားသောဆေးရုံ(သို့မဟုတ်)COVID–19 ရောဂါကုသရေးဌာနများသို့ လွှဲပြောင်းကုသရန်။<br>(၇) တတိယအကြိမ် ဓာတ်ခွဲနမူနာတွင် COVID–19 ရောဂါပိုးမတွေ့ရှိပါက သတ်မှတ်ထားသောနေရာတွင် Facility Quaratine (၁၄) ရက်ပြည့်ပါက နေအိမ်တွင် (၇) ရက် အသွားအလာကန့်သတ်ထားရှိရန်။<br>(၈) COVID–19 ရောဂါ သံသယလက္ခဏာများ တွေ့ရှိပါက ကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်အကြောင်းကြား၍ ကုသမှုဆောင်ရွက်ရန်။<br>(ခ) ပြည်ပနိုင်ငံများ ကုန်းလမ်း (သို့မဟုတ်) ရေလမ်းဖြင့် ပြန်လည်ရောက်ရှိလာသူများအနေဖြင့် လိုက်နာရမည့်အချက်များ<br>(၁) ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများအနေဖြင့် အသွားအလာကန့်သတ်ထားရှိမှု စတင်သည့်ရက်မှ စတင်၍ (၆) ရက် (သို့မဟုတ်) (၇) ရက်မြောက်နေ့တွင် ဓာတ်ခွဲနမူနာ (၁) ကြိမ်ရယူ၍ RT–PCR ဖြင့် ဓာတ်ခွဲစစ်ဆေးရန်။<br>(၂) ဓာတ်ခွဲနမူနာတွင် COVID–19 ရောဂါပိုးတွေ့ရှိပါက သတ်မှတ်ထားသော ဆေးရုံ (သို့မဟုတ်) COVID–19 ရောဂါကုသရေးဌာနများသို့ လွှဲပြောင်းကုသရန်။<br>(၃) ဓာတ်ခွဲနမူနာတွင် COVID–19 ရောဂါပိုးမတွေ့ရှိပါက အသွားအလာကန့်သတ်ထားရှိမှု စတင်သည့် ရက်မှ စတင်၍ (၇ ) ရက်ပြည့်သည်အထိ သတ်မှတ်ထားသည့်နေရာများတွင် အသွားအလာကန့်သတ်ထားရှိရန်။<br>(၄) Facility Quaratine (၇) ရက်ပြည့်ပါက နေအိမ်တွင် (၇) ရက် အသွားအလာကန့်သတ်ထားရှိရန်။<br>(၅) COVID–19 ရောဂါ သံသယလက္ခဏာများ တွေ့ရှိပါက ကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်အကြောင်းကြား၍ ကုသမှုဆောင်ရွက်ရန်။ | |

## မန္တလေးတိုင်းဒေသကြီးအတွင်းသို့ လာရောက်ရာတွင် ဆောင်ရွက်ရမည့်အချက်များ

| စဉ် | သတ်မှတ်ချက် | မှတ်ချက် |
|---|---|---|
| ၁။ | (က) **မန္တလေးတိုင်းဒေသကြီးအတွင်းသို့ လေကြောင်းဖြင့် လာရောက်ရာတွင် ဆောင်ရွက်ရမည့်အချက်များ-** | |
| | (၁) မန္တလေးတိုင်းဒေသကြီးသို့ လေယာဉ်ဖြင့်လာရောက်ပါက (၃၆) နာရီအတွင်း Swab Test ယူဆောင်လာရမည် | |
| | (၂) မန္တလေးမြို့ပေါ် (Stay Home- ၇ မြို့နယ်) ဆိုလျှင် Quarantine ဝင်ရောက်ရန်မလိုအပ်ပါ။ | |
| | (၃) မန္တလေး အခြားမြို့များဆိုလျှင် ၎င်းမြို့နယ်များတွင် Quarantine ဝင်ရောက်ရန် လိုအပ်ပါသည်။ | |
| | (၄) ပုဂံမြို့တွင် Stay at Home မြို့နယ်များမှ လာရောက်ပါက သတ်မှတ်နေရာများတွင် Quarantine (၇) ရက် ဝင်ရောက်ရမည်ဖြစ်ပါသည်။ Stay at Home မဟုတ်သော မြို့နယ်များမှ လာရောက်ပါက Quarantine ဝင်ရောက်ရန်မလိုပါ။ | |
| | (၅) PCR နှင့် စစ်ဆေးပါက (၃) ရက်၊ RTG ဖြင့် စစ်ဆေးပါက (၇) ရက် Quarantine ဝင်ရောက်ရန် လိုအပ်ပါသည်။ | |
| | (ခ) **မန္တလေးတိုင်းဒေသကြီးအတွင်းသို့ ကားဖြင့်လာရောက်ရာတွင် ဆောင်ရွက်ရမည့်အချက်များ-** | |
| | **ကုန်ကား** | |
| | (၁) မန္တလေးတိုင်းဒေသကြီးသို့ ကားဖြင့်လာရောက်ပါက ကုန်ကားများအနေဖြင့် ဂိတ်တွင် Swab Test ယူရမည်။ | |
| | **အိမ်စီးကား** | |
| | (၁) မန္တလေးမြို့ပေါ် (Stay Home- ၇ မြို့နယ်) ဆိုလျှင် Quarantine ဝင်ရောက်ရန်မလိုအပ်ပါ။ | |
| | (၂) မန္တလေး အခြားမြို့များဆိုလျှင် ၎င်းမြို့နယ်များတွင် Quarantine ဝင်ရောက်ရန် လိုအပ်ပါသည်။ | |
| | (၃) ပုဂံမြို့တွင် Stay at Home မြို့နယ်များမှ လာရောက်ပါက Quarantine (၁၄) ရက် ဝင်ရောက်ရမည်ဖြစ်ပြီး၊ Stay at Home မဟုတ်သော မြို့နယ်များမှ လာရောက်ပါက မိမိနေအိမ်တွင် Quarantine (၇) ရက် ဝင်ရောက်ရမည်ဖြစ်ပါသည်။ (မန္တလေးမြို့ပေါ် Stay Home- ၇ မြို့နယ်မှ သွားရောက်လျှင်လည်း Quarantine ဝင်ရောက်ရမည်ဖြစ်ပါသည်။) | |
| | (၄) ပြင်ဦးလွင်မြို့သို့ Stay at Home မြို့နယ်များမှ လာရောက်ပါက Swab Test (၁) ကြိမ် စစ်ပြီးပါက Quarantine (၇) ရက် ဝင်ရောက်ရမည်ဖြစ်ပြီး၊ မစစ်ဆေးရသေးပါက (၁၄) ရက် ဝင်ရောက်ရမည်ဖြစ်ပါသည်။ (မန္တလေးမြို့ပေါ် Stay Home- ၇ မြို့နယ်မှ သွားရောက်လျှင်လည်း Quarantine ဝင်ရောက်ရမည်ဖြစ်ပါသည်။) | |
| | (၅) မိုးကုတ်မြို့သို့ လာရောက်ပါက Quarantine (၁၄) ရက် ဝင်ရောက်ရမည်ဖြစ်ပါသည်။ Quarantine ဝင်ရောက်နေသည့်ကာလအတွင်း PCR နှင့် (၁) ကြိမ်၊ RTG နှင့် (၁) ကြိမ် စစ်ဆေးမည်ဖြစ်ပါသည်။ | |